the voice of spring

8.6.2021 · Tuesday · No . 62 · Daily News Pamphlet

## (၂၄) နာရီအတွင်း ကရင်၊ မွန်၊ ရခိုင်၊ ချင်း၊ ကချင် (မြောက်ပိုင်း)၊ ပဲခူးအရှေ့ပိုင်း၊ စစ်ကိုင်းအထက်ပိုင်းတို့၌ မိုးရေချိန်(၃)လက်မနှင့်အထက် ရွာသွန်းနိုင်ပြီး ချင်းနှင့် ကရင်ပြည်နယ်ရှိ စစ်ဘေးရှောင်ပြည်သူများကို ကြိုတင် ပြင်ဆင်နိုင်ရန် NUG လူသားစာနာဝန်ကြီးဌာန သတိပေး

သတင်းတို | ရင်းမြစ် – NUG မှ

## အကြမ်းဖက်မှု၏ အဓိက အစိတ်အပိုင်း(၅)ခုစလုံးကို ကျူးလွန်နေသည့် စစ်ကောင်စီ၏တပ်မတော်၊ ၄င်းနှင့် ဆက်စပ်လျက်ရှိသော အဖွဲ့အစည်းများကို မြန်မာနိုင်ငံအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ(၃)အရ အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရက ထုတ်ပြန်ပြီး အကြမ်းဖက်မှုများကို တိုက်ဖျက်သွားမည်ဟုသိရ

သတင်းတို | ရင်းမြစ် – NUG မှ

## “ဘာသာလူမျိုးမခွဲခြား၊ မြန်မာနိုင်ငံသား” သပိတ်စစ်ကြောင်းများကို နေရာအနှံ့ ပြုလုပ်ခဲ့ကြ









ဇွန်လ(၇)ရက်၊ ရန်ကုန်မြို့နယ်ပေါင်းစုံသပိတ်၊ ကလေးမြို့ပင်မသပိတ်စစ်ကြောင်း နှင့် မန္တလေး မြို့သိမ်းသပိတ်စစ်ကြောင်းများကို အသီးသီးတွေ့မြင်ရစဉ် -(ဓါတ်ပုံ-CJ )

## အသုံးစရိတ်၊ ရိက္ခာနှင့် ဆေးဝါး ပြတ်လပ်တော့မည်ဖြစ်၍ ကူညီနိုင်မည့် နည်းလမ်းရှာဖွေပေးရန် ရုံးချိန်း၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မှာကြားခဲ့ ဟုသိရ

သတင်းတို | ရင်းမြစ် – NUG မှ

## စစ်အုပ်စု၏ ဥပဒေမဲ့အကြမ်းဖက်မှုများကို ပြည်သူများအနေဖြင့် အမှုဖွင့်၍ တိုင်ကြားနိုင်ရန် စီမံထားကြောင်း NUG ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဌာနမှ အသိပေး

သတင်းတို | ရင်းမြစ် – NUG မှ

## မင်းတပ်၌ အကျအဆုံးများနေသည့် စစ်အုပ်စုက ဓါတု အဆိပ်လက်နက်များနှင့်တိုက်ခိုက်နေဟု CDF ပြောကြား

သတင်းတို | ရင်းမြစ် – ဧရာဝတီ မှ

## ကရင်ပြည်နယ်အတွင်းရှိ အာဇာနည်ကျောက်တိုင်များကို စစ်အုပ်စုမှ ညတွင်းချင်း တခုမကျန် ဖြိုချဖျက်ဆီးခဲ့

သတင်းတို | ရင်းမြစ် – RFA မှ

## ညဘက် ပရိတ်ရွတ်နေသည့် သံဃာများကို ဆဲဆိုပစ်ခတ်ခဲ့မှုအား ဖုံးကွယ်ပြီး သတင်းမှားထုတ်ပြန်သည့်စစ်အုပ်စုကို မစိုးရိမ်တိုက်သစ်နာယကအဖွဲ့ရှုတ်ချ

သတင်းတို | ရင်းမြစ် – ဧရာဝတီ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားး၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံးဝ)မရပ်တန့်စေရ။

**ဖေဖော်ဝါရီ(၁)ရက်မှ ဇွန်(၇)ရက်အထိ**

ကျဆုံးသူဦးရေ - ၈၅၇ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၇၃၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၉၃၆ ဦး

ရင်းမြစ် – အေအေပီပီမှ

နွေဦးအသံ
the voice of spring
8.6.2021 · Tuesday · No . 62 · Daily News Pamphlet

# သတင်းမှတ်စု

ဇွန်လ(၇)ရက်၊ ၂၀၂၁



- NLD မကွေးတိုင်းဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုကို စစ်အုပ်စုက ပုဒ်မ ၅၀၅ (က)ဖြင့် ထောင်ဒဏ်(၂)နှစ်ချမှတ်ကာ ပွင့်ဖြူတရားရုံးက သဘာဝဘေးစီမံ ပုဒ်မများဖြင့် အမှုထပ်ဖွင့်ထားဟုသိရ။
- ထီးလင်းမြို့နယ် ရဲစခန်း၌ တာဝန်ထမ်းဆောင်နေသည့် ရဲတပ်သား သားညီမှာ ဇွန်(၅)ရက်ကစတင်၍ ပြည်သူနှင့်အတူ ရပ်တည်ကာ CDM ပြုလုပ်ခဲ့ဟုသိရ။
- ခင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊ ဦးစီး - ၁ ဌာနမှ ရဲတပ်သား(မ)ကျော့ကျော့ခိုင်မှာ စစ်အုပ်စုလက်အောက်တွင် တာဝန် မထမ်းဆောင်လိုသည့်အတွက် CDM ပြုလုပ်၍ ပြည်သူနှင့်ပူးပေါင်းခဲ့ဟုသိရ။
- စစ်အုပ်စုက ဧပြီလ ၁၅ ရက်တွင် ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲဆိုပြီး ဖမ်းဆီးခံထားရသူ ရုပ်ရှင်သရုပ်ဆောင်နှင့် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဟောင်း ဦးဇင်ဝိုင်းမှာ နံနက်(၁၁) နာရီခန့်တွင် ပြန်လည်လွတ်မြောက်ခဲ့ဟု သိရ။
- စစ်အုပ်စုက ပြန်လည်ဖွဲ့စည်းသည့် ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံထားရသူ သရုပ်ဆောင် ခန့်စည်သူက အဝေဖန်ခံရပြီးနောက် နုတ်ထွက်စာ တင်ခဲ့။
- သာကေတမြို့နယ်၊ မာန်ပြေရှိ အမှတ်(၃) စာသင်ကျောင်းရှေ့ လက်ဖက်ရည်ဆိုင်၌ ရှိနေသည့် စစ်အုပ်စုရဲနှစ်ဦးကို အမည်မသိ




လက်နက်ကိုင်အဖွဲ့က နံနက်(၇)နာရီခွဲခန့်တွင် လာရောက်ပစ်ခတ်ရာ ရဲတဦး ကျည်ဆန် ထိမှန်ပြီး ဒဏ်ရာပြင်းထန်ဟုသိရ။
- မိတ္ထီလာမြို့နယ်၊ ရန်ကုန်-မန်း အမြန်လမ်းပေါ်ရှိ ရွှေအုန်းပင်စားသောက်ဆိုင်၌ ဇွန်(၆)ရက်ညပိုင်းက ပေါက်ကွဲမှုဖြစ်ပွားရာ တဦးသေဆုံးခဲ့ဟုသိရ။
- မန်း-ပြည်ကြီးတံခွန်တွင် ဆိုင်ကယ်စီးလာသူ နှစ်ဦးကို ဇွန်(၆)ရက်၊ည(၉)နာရီခွဲကျော်ခန့်က စစ်အုပ်စုက အကြောင်းမဲ့ ကားနှင့်တိုက်သတ်ခဲ့ဟုသိရ။
- မိုးမောက်မြို့နယ် ဒွေ့ဖုန်းယမန်မြို့ဘက်သို့ ဗန်းမော်လမ်းမကြီးအတိုင်း အင်အား ၂၀၀ ခန့်ဖြင့်တက်လာသည့် စစ်အုပ်စု၏ ကားရစ်စီးပါ ယာဥ်တန်းကို ဒွေ့ဖုန်းယန်မြို့နှင့် နှစ်မိုင်ခန့်အကွာ လိုင်ဂျော်ကုန်းတွင် KIA က နံနက်(၁၀)နာရီခန့်၌ တိုက်ခိုက်ခဲ့ဟုသိရ။
- ရှမ်း၊ ကွတ်ခိုင်၌ ပြီးခဲ့သည့် နှစ်ရက်အတွင်း စစ်အုပ်စု၏တပ်မ(၉၉)နှင့် ကိုးကန့်တပ်မတော် - MNDAA တို့အကြား တိုက်ပွဲများဖြစ်ခဲ့ရာ စစ်အုပ်စုဘက်က (၉)ဦးခန့် သေဆုံးခဲ့ဟုသိရ။
- မရမ်းကုန်းမြို့နယ်၊ သပြေသာ လမ်းသစ်ရှိ အ.မ.က (၁၇) ကျောင်း၌ ဇွန်(၆)ရက်၊ ည (၁၀)နာရီခွဲခန့်က ပျူစောထီးအဖွဲ့ဝင်လူ(၂)ဦးက ဆိုင်ကယ်များဖြင့် လမ်းအတွင်း ဝင်ရောက်ကာ ကျောင်းအတွင်းသို့ ဓာတ်ဆီပုလင်းနှစ်လုံး ပစ်သွင်း၍ မီးရှို့ခဲ့ရာ ရပ်ကွက်နေ ပြည်သူများက အချိန်မီသိရှိပြီး ဝိုင်းဝန်း ငြိမ်းသတ်သဖြင့် မီးမလောင်ခဲ့ဟုသိရ။
- တန့်ဆည်မြို့ စိန်ကျေးကူရွာ၌ စစ်အုပ်စုသတင်းပေးဒလန်ဟု သတ်မှတ်ခံထားရသူ ဦးဖိုးနီမှာ နံနက်(၁)နာရီခန့်က ရွာပြင်ရှိ လယ်တောအိမ်တွင် မိသားစုနှင့်အတူ ရှိနေစဥ် သေနတ်သမားများက လာရောက်ပစ်ခတ်သဖြင့် သေဆုံးခဲ့ပြီး ဇနီးဖြစ်သူလည်း ဆီးခုံတွင် ဒဏ်ရာရရှိခဲ့ဟုသိရ။
- ရန်ကုန်၊ တောင်ဥက္ကလာပ၊ အလုံမြို့နယ်။ မန္တလေး၊ တပ်ပေါင်းစု၊ အောင်ပင်လယ်၊ အောင်မြေသာစံ၊ တကသ၊ စက်မှု၊ သံဃသမဂ္ဂ။ မြင်းခြံ။ ညောင်ဦး။ မုံရွာ။ ဘုတလင်၊ ကျေးရွာပေါင်းစုံ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ တန့်ဆည်။ မြိုင်။ ကလေးမြို့။ ရေဖြူ။ ကံပေါက်။ သရက်ချောင်း၊ သရက်နစ်ခွ၊ ဥတ္တူကျေးရွာ။ ထားဝယ်။ လောင်း လုံမြို့နယ်၊ မောင်းမကန်၊ ဝေဒီ၊ ညင်းမော်၊ စစ်ပြ၊ တီဇစ်ကျေးရွာများ။ ဖားကန့်မြို့၊ နမ္မတီး၊ တာမခန်၊ အေးမြသာယာ။ မိုးကောင်း။ ရှမ်း၊ ကျောက်မဲ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ် စစ်ကြောင်းကြီးများနှင့် ချီတက် ဆန္ဒဖော်ထုတ်ခဲ့ကြဟုသိရ။

ရင်းမြစ် - မဇ္ဈိမ

## ပိုင်ဆိုင်ခွင့်

ပွင့်လာတဲ့ပန်းလေးတွေ
မွှေးရနံ့ ပျံ့လွင့်ဖို့
လေပြေကို ခွင့်တောင်းစရာမလို။

အတောင်အလက်စုံတဲ့ငှက်ကလေး
လွတ်လပ်စွာပျံသန်းဖို့
ကောင်းကင်ကို ခွင့်တောင်းစရာမလို။

ရေလွှာကြားမှာ
ဖြတ်သန်းကူးခပ်ဖို့
ငါးလေးတွေမည်သူ့ထံမှ
ခွင့်တောင်းစရာ မလို။

ငါတို့ရဲ့ ရှင်သန်ခွင့်
ငါတို့ရဲ့ ရပ်တည်ခွင့်
ငါတို့ရဲ့ လွတ်လပ်ခွင့်
ငါတို့ရဲ့ တရားမျှတမှုတို့အတွက်လည်း။

လင်းထက်

## အရေးတော်ပုံ မုချ အောင်ရမည်

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com




The Voice Of Spring Cartoon




ဇွန်လ(၇)ရက်၊ လူအင်အားထောင်ချီသည့် မုံရွာ-အမြင့်လမ်းပင်မသပိတ်ကိုတွေ့ရစဉ်(ဓါတ်ပုံ - CJ )

## နွေဦးစကား ဒို့ပြောကြား

“ခေါင်းလောင်းသံအစား သေနတ်နဲ့ကြိုတဲ့ ကျောင်းမျိုးတော့ ငါတို့ မတက်ချင်ဘူး”